The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၅) ၊ မေလ ၃၁ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# တနင်္သာရီတွင် တိုက်ပွဲကြောင့် ဒေသခံ (၆,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



စာမျက်နှာ (၄) သို့

## INSIDE

လက်ကျန်လက်နက်ကြီးပေါက်ကွဲမှုကြောင့် ကော့ကရိတ်ဒေသခံတစ်ဦး သေဆုံး
စာမျက်နှာ (၉) သို့

စစ်သင်တန်းအပတ်စဉ် (၂) အတွက် မော်လမြိုင်တွင် လူငယ်များကို ဖမ်းဆီးနေ
စာမျက်နှာ (၁၁) သို့

ဘုရားသုံးဆူတွင် လက်နက်ကိုင်အဖွဲ့တစ်ခုက ဆေးမှူးတစ်ဦးကို ပစ်သတ်ပြီး နေအိမ်ကို မီးရှို့ဖျက်ဆီး
စာမျက်နှာ (၁၃) သို့

ဖမ်းဆီးထားသည့် CDM ဝန်ထမ်း (၂) ဦးကို ထောင်ဒဏ် (၄) နှစ် ချမှတ်
စာမျက်နှာ (၁၈) သို့

၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၅) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ (၂၅) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## ရေတပ်စခန်းတိုက်ခိုက်ခံရပြီးနောက် ညှဉ့်စာရင်းနှင့် ညမထွက်ရအမိန့်တို့ဖြင့် ပြည်သူများကို ခြိမ်းခြောက်




**မေ ၁၅၊ ၂၀၂၄**

၂၀၂၄ မေလ (၃) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ ကုလားဂုတ်ကျွန်းရှိ စစ်ကောင်စီ၏ ရေတပ်စခန်းကို တော်လှန်ရေးအင်အားစု များက တိုက်ခိုက်ခဲ့သည်။

စာမျက်နှာ (၅) သို့

# "လက်မရှိ့လူသတ်သမား" သဖွယ် ရက်စက်ကြမ်းကြုတ်လာသည့် စစ်ကောင်စီ

## (၂၀၂၄ မေလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၅) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိ သည်။

30

**မတရားဖမ်းဆီး သတ်ဖြတ်မှုပေါင်း**

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက် မှုသတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ မေလတွင်လည်း မြို့နယ် (၁၇) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၆၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။ အဆိုပါအရေအတွက်သည် အာဏာသိမ်းပြီးနောက်ပိုင်း ကောက်ခံရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှု စံချိန်တင် အရေအတွက် ဖြစ်သည်။

21

**ပြည်သူများ၏ အိုးအိမ် စည်းစိမ်ဖျက်စီးမှုပေါင်း**

တစ်လအတွင်း **မတရားဖမ်းဆီးသတ်ဖြတ်မှုပေါင်း (၃၀) နီးပါး**ကို ကျူးလွန်ခဲ့သကဲ့သို့ **ပြည်သူများ၏ အိုးအိမ်စည်းစိမ်ဖျက်စီးမှုပေါင်း (၂၁) ကြိမ်**ကို ကျူးလွန်ခဲ့သည်။ အထူးသဖြင့် စစ်ကောင်စီက နယ်မြေစိုးမိုးရေး ပြန်လည်ရယူထားသည့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်ဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို စစ်ကောင်စီက "လက်မရှိ့လူသတ် သမား" သဖွယ် လွန်လွန်ကျူးကျူး ကျူးလွန်နေသည်။

9

**ငွေကြေးအဓမ္မ ကောက်ခံမှု**

ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အိုးအိမ်ဖျက်စီးခြင်းများအပြင် ငွေကြေးအဓမ္မကောက်ခံမှုကို လည်း ပိုမိုကျူးလွန်လာသည်။ **ငွေကြေးအဓမ္မကောက်ခံမှု (၉)** မှုအထိ ကောက်ခံရရှိခဲ့ပြီး တစ်လတာအတွက် အများဆုံးအရေအတွက် ဖြစ်သည်။ အထူးသဖြင့် နေရပ်ပြန်လာရန် ၎င်းတို့ကိုယ်တိုင်ဖိတ်ခေါ်နေသည့် ကျိုက်မရောမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများထံမှပင် ငွေကြေးအဓမ္မတောင်းခံနေခြင်း ဖြစ်သည်။

4

**သတင်းအစအန ပျောက်ဆုံး**

စစ်ကောင်စီက အကြမ်းဖက်မှုကို ပိုမိုကျူးလွန်လာချိန်တွင် တစ်ဖက်တွင်လည်း အမည်မသိ လက်နက်ကိုင်များ၏ရန်ကို ဒေသခံပြည်သူများက ကြောက်ရွံ့နေရသည်။ တနင်္သာရီတိုင်း ရေဖြူမြို့နယ်တစ်ခုတည်းတွင်ပင် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများက ဖမ်းဆီး သွားပြီးနောက် **သတင်းအစအနပျောက်ဆုံးသွားသည့်ဖြစ်ရပ် (၄)** ခု ရှိခဲ့သည်။

ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမပေါ်ရှိ တံတား (၂) စင်းလည်း မိုင်းခွဲဖျက်စီးခံရပြီး **ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေး** နှောင့်နှေးခဲ့ရသည်။ ကုန်စျေးနှုန်းများ မြင့်တက်လာသည့်အပြင် စက်သုံးဆီပြတ်လပ်မှုလည်း ဖြစ်ပေါ်လာသည်။

ပြည်သူများမှာ စစ်ကောင်စီ၏အကြမ်းဖက်မှုအပြင် စားဝတ်နေရေးကြပ်တည်းမှုဒဏ်ကိုပါ အပြင်းအထန် ခံစားနေရသည်။ ကမ္ဘာ့ရွှေစျေးမြင့်တက်လာခြင်းနှင့် ကျပ်ငွေတန်ဖိုး ဆက်တိုက်ကျဆင်းလာခြင်းတို့ကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို အလူးအလဲခံစားနေရသည်။

စစ်ကောင်စီသည် အဖက်ဖက်က ကျရှုံးနေသော်လည်း ပြည်သူများအပေါ် အကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ခြယ်မှုများကို တိုး၍သာ လုပ်ဆောင်လာသည်။ စစ်အာဏာရှင်သက်တမ်း ကြာမြင့်လာသည်နှင့်အမျှ ပြည်သူများမှာ ဘက်ပေါင်းစုံခက်ခဲလာပြီး အထွေထွေကြပ်တည်းမှုဆီသို့ ဦးတည်လျက်ရှိနေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရ နေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန်လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ မေလ



# တနင်္သာရီတွင် တိုက်ပွဲကြောင့် ဒေသခံ (၆,၀၀၀) ကျော် စစ်ဘေးရှောင်နေရ



မေ ၆၊ ၂၀၂၄

၂၀၂၄ ဧပြီလ (၂၃) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် သိန္ဓောကျေးရွာအုပ်စုတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေသည့်အတွက် ကျေးရွာ (၇) ရွာမှ ဒေသခံပြည်သူ (၆,၀၀၀) ကျော် နေရပ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်နေရကြောင်း သိရသည်။

စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် သိန္ဓော၊ ရေပူ၊ သူဌေးအရှေ့၊ သူဌေးအနောက်၊ မိုင်းသတ္တု၊ ဘန်းပြည့်အရှေ့နှင့် ဘန်းပြည့်အနောက်ကျေးရွာများမှ ဒေသခံပြည်သူ (၆,၂၃၂) ဦး စစ်ဘေးရှောင်နေရကြောင်း နွေဦးမေတ္တာ စစ်ဘေးရှောင်ကူညီ ပံ့ပိုးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**"သိန္ဓောကျေးရွာအုပ်စုမှာ ရွာမှ တစ်ယောက်မှမရှိတော့ဘူး။ အားလုံးရှောင်ပြေးနေရတယ်။ လက်နက်ကြီးနဲ့ လေယာဉ်က နေ့တိုင်းပစ်နေတယ်။ နောက်ပြီး တိုက်ပွဲကလည်း နေ့တိုင်းဖြစ်နေတယ်"** ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

စစ်ဘေးရှောင်ဦးရေ တိုးပွားလာသော်လည်း အလှူရှင်နည်းပါး လာသည့်အတွက် စစ်ဘေးရှောင် (၁,၂၀၀) ကျော်ကိုသာ ရိက္ခာ ထောက်ပံ့နိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

**"စစ်ဘေးရှောင်အားလုံးအတွက် ရိက္ခာ မလုံလောက်ဘူး။ တိုက်ပွဲဆက်ဖြစ်နေတဲ့အတွက် လာရောက်ထောက်ပံ့တဲ့သူ နည်းနေတယ်။ ဆီးချိုဆေးနဲ့ သွေးတိုးဆေးတွေလည်း လိုအပ်နေတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် တနင်္သာရီမြို့နယ်ရှိ ကျေးရွာအများစုတွင် စားနပ်ရိက္ခာနှင့် ဆေးဝါးသယ်ယူခွင့်ကို စစ်ကောင်စီက ပိတ်ပင်ထားပြီး စစ်ဆေးရေး ဂိတ်များတွင် တင်းတင်းကြပ်ကြပ် စစ်ဆေးနေကြောင်း သိရသည်။

၂၀၂၄ ဧပြီလ (၁၃) ရက်နေ့တွင် ထုတ်ပြန်သည့် FE5 Tanintharyi ၏ အစီရင်ခံစာအရ တနင်္သာရီမြို့နယ်တွင် စစ်ဘေးရှောင်ပြည်သူဦးရေ (၅၄,၀၀၀) ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

# ရေတပ်စခန်းတိုက်ခိုက်ခံရပြီးနောက် ညှော်စာရင်းနှင့် ညမထွက်ရအမိန့်တို့ဖြင့် ပြည်သူများကို ခြိမ်းခြောက်




မေ ၁၅၊ ၂၀၂၄

၂၀၂၄ မေလ (၃) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ ကုလားဂုတ်ကျွန်းရှိ စစ်ကောင်စီ၏ ရေတပ်စခန်းကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့သည်။

ရေတပ်စခန်းတိုက်ခိုက်ခံရပြီးနောက်ပိုင်း လမိုင်းမြို့နယ်ခွဲရှိ ကော့ဒွတ်၊ ကူးတို့ဆိပ်၊ နှစ်ကရင်၊ ဓမင်းဆိပ်၊ သပြေရွာသစ်နှင့် ကားဆိပ်ကျေးရွာများတွင် ည (၈) နာရီမှ မနက် (၄) နာရီအတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်ပြီး အလုပ်သမားများနှင့် ဧည့်သည်များအနေဖြင့် ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်ပါက အရေးယူသွားမည်ဟု စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်သည်။

**"ကိုယ့်အိမ်မှာ ခြံအလုပ်သမားရှိရင် အုပ်ချုပ်ရေးမှူးဆီမှာ သွားတိုင်ရမယ်။ နောက်တစ်ခုက ညဘက် တားမြစ်ထားတဲ့အချိန် အပြင်ထွက်လို့ အဖမ်းခံရရင် သူတို့ပေးတဲ့အပြစ်ခံရမယ်။ ပြင်းပြင်းထန်ထန် အရေးယူမယ် ပြောတယ်"** ဟု ကော့ဒွတ်ကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲနောက်ပိုင်း လမိုင်းမြို့နယ်ခွဲရှိ ကျေးရွာများကိုလည်း စစ်ကောင်စီတပ်က စစ်ရဟတ်ယာဉ်ဖြင့် ကင်းထောက်နေကြောင်း ဒေသခံများက ပြောသည်။

**"ကျွန်မတို့ဘက်မှာ လေယာဉ်က နေ့ရောညပါ ပျံနေတာ။ ညဘက်ပိုင်းဆို လက်နက်ကြီးသံပါ ကြားနေရတယ်။ တိုက်ပွဲဖြစ်မှာကို စိုးရိမ်တယ်"** ဟု လမိုင်းမြို့နယ်ခွဲမှ ဒေသခံတစ်ဦးက ပြောသည်။

ကုလားဂုတ်ကျွန်းအနီးတဝိုက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် သက်ကြီးရွယ်အိုများက ညဘက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းများတွင် အိပ်စက်နေကြပြီး စစ်ဘေးရှောင်ရန် ကြိုတင်ပြင်ဆင်နေကြကြောင်း သိရသည်။

# ချောင်းဆုံတွင် စစ်ကောင်စီက ပွဲလမ်းသဘင်များ အတင်းအကြပ်ပြုလုပ်ခိုင်း




**မေ ၁၆၊ ၂၀၂၄**

၂၀၂၄ မေလ (၂၂) ရက်နေ့တွင် ကျရောက်မည့် ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ကို မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာတိုင်းတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပသွားရန် စစ်ကောင်စီက ဒေသခံပြည်သူများကို အတင်းအကြပ်ဖိအားပေးနေကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဇာတ်ပွဲများနှင့် လောင်းကစားဝိုင်းများကိုပါ ထည့်သွင်းကျင်းပရန် စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများက လုပ်ဆောင်နေသည်ဟု ဒေသခံများက ပြောသည်။

**"နှစ်တိုင်းပါပဲ၊ ညောင်ရေသွန်းပွဲတော်မှာ ဇာတ်ပွဲထည့်လေ့မရှိဘူး။ တခြားမွန်ဒေသတွေမှာ အခြေအနေမကောင်းလို့ စစ်ရှောင်နေရတဲ့အချိန်မှာ ဒီမှာက ပွဲတွေဆက်တိုက်ရှိနေတယ်။ လအစကတည်းက ရွာတိုင်းမှာ ပွဲရှိတယ်။ ခုလပြည့်မှာလည်း ပွဲထည့်ဦးမယ်"** ဟု ချောင်းဆုံဒေသခံတစ်ဦးက ပြောသည်။

ချောင်းဆုံမြို့နယ်သည် စစ်ကောင်စီက အပြည့်အဝထိန်းချုပ်ထားသည့် မြို့နယ်ဖြစ်ပြီး ပွဲလမ်းသဘင်များနှင့် လောင်းကစားဝိုင်းများကို လွတ်လပ်စွာပြုလုပ်နေသည်။

**"အုပ်ချုပ်ရေးမှူးတွေက သူတို့လုပ်ချင်တိုင်းလုပ်နေကြတယ်။ ဒေသခံတွေ သဘောတူလား မတူလား မမေးဘူး။ ပွဲလုပ်ရင် လောင်းကစားဝိုင်းတွေပဲ များလာတယ်။ ခုအခြေအနေမှာ ဘယ်သူမှပျော်ပြီး ပွဲတော်မလုပ်ချင်ဘူး"** ဟု ချောင်းဆုံမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

# မလွှဲတောင်ဂိတ်ကို တစ်နေ့လျှင် (၅) နာရီသာ ဖွင့်တသန်းခွင့်ပြုသည့်အတွက် ဒေသခံများ အခက်တွေ့နေ



မေ ၂၊ ၂၀၂၄

သကြ်န်ကာလနောက်ပိုင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းနယ်စပ်ရှိ မလွှဲတောင် စစ်ဆေးရေးဂိတ်ကို စစ်ကောင်စီက တစ်နေ့လျှင် (၅) နာရီသာ ဖြတ်သန်းခွင့်ပြုသဖြင့် ခရီးသည်များနှင့် ဒေသခံပြည်သူများက အခက်တွေ့နေကြောင်း သိရသည်။

ဧပြီလ နောက်ဆုံးအပတ်မှ စတင်ကာ မလွှဲတောင်ဂိတ်ကို မနက် (၁၀) နာရီမှ နေ့လည် (၁၂) နာရီထိ (၁) ကြိမ်၊ နေ့ခင်း (၂) နာရီမှ ညနေ (၅) နာရီအထိ (၁) တစ်ကြိမ် အချိန်သတ်မှတ်ပြီး ဖြတ်သန်းခွင့်ပြုနေခြင်း ဖြစ်သည်။

**"ဈေးရောင်းနေတာဆိုတော့ မနက်အစောကြီးထပြီး တန်းသွားစီရတာ။ တစ်ခါတလေ သတင်းထူးခြားတယ်ဆိုပြီး ပိတ်ချလိုက်တာမျိုးလည်း ရှိသေးတယ်။ တစ်နေ့လုံး ထိုင်စောင့်နေရတာမျိုးလည်း ရှိတယ်။ အခုလည်း အချိန်မမီမှာစိုးလို့ ကြောက်ကြောက်နဲ့ ညတောင်အိပ်ခဲ့ရတယ်"** ဟု ဈေးသည်တစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ မလွှဲတောင်စစ်ဆေးရေးဂိတ်ကို တော်လှန်ရေးအင်အားစုများက မကြာခဏတိုက်ခိုက်လေ့ရှိပြီး စစ်ကောင်စီက အနီးအနားကျေးရွာများကို လေကြောင်းဖြင့်တိုက်ခိုက်ကာ တုံ့ပြန်လေ့ရှိသည်။


**"ဈေးသွားဝယ်တာ အသွားတုန်းက ဘာမှမဖြစ်ဘူး။ အပြန်ကျတော့ ဘာအကြောင်းမှမရှိဘဲ ဂိတ်ကို ပိတ်ချလိုက်တာ။ ပေးမဖြတ်တော့ လမ်းမှာ ညအိပ်လိုက်ရတယ်"** ဟု ခရီးသည်အမျိုးသမီးတစ်ဦးက ပြောသည်။

လက်ရှိတွင် ယခင်ကကဲ့သို့ မှတ်ပုံတင်စစ်ဆေးခြင်းကို စစ်ကောင်စီတပ်သားများက ပြုလုပ်ခြင်းမရှိသော်လည်း လုံခြုံရေးအင်အားများ တိုးမြှင့်ထားကြောင်း ဒေသခံများက ပြောသည်။

**"ပြီးခဲ့သည့်ဧပြီလ (၂၅) ရက်နေ့က အရေးပေါ်လူနာတစ်ယောက်သွားပို့တာ။ (၁၀) နာရီထိုးပြီးဆိုပြီး ဂိတ်ကို ပေးမဖြတ်ဘူး"** ဟု လူနာတင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

# စစ်ကောင်စီ၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဂျိုင်းမြစ်ဒေသခံ (၁၅) ဦးထက်မနည်း သေဆုံးပြီး နေအိမ် (၄၀၀) နီးပါး မီးလောင်ပျက်စီး







မေ ၂၊ ၂၀၂၄

၂၀၂၄ မတ်လနောက်ဆုံးအပတ်မှစ၍ စစ်ကောင်စီအကြမ်းဖက်တိုက်ခိုက်မှုကြောင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်တစ်ဖက်တစ်ချက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ (၁၅) ဦးထက်မနည်း သေဆုံးခဲ့ပြီး နေအိမ် (၄၀၀) ကျော် မီးလောင်ပျက်စီးခဲ့သည်။

၂၀၂၄ ဧပြီလတွင် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာမှ ဒေသခံပြည်သူ (၇) ဦး၊ သံကလောင်ကျေးရွာမှ သံဃာတော် (၁) ပါးနှင့် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာမှ ပြည်သူ (၅) ဦးနှင့် ကော့စွယ်ကျေးရွာမှ ပြည်သူ (၁) ဦး သတ်ဖြတ်ခံခဲ့ရသည်။

၎င်းပြင် စစ်ကောင်စီ၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ဓမ္မသကျေးရွာမှ ဒေသခံပြည်သူ (၇) ဦး၊ ကျွန်းကုန်းကျေးရွာမှ ဒေသခံပြည်သူ (၃) ဦးနှင့် ကော့ဘိန်းကျေးရွာမှ ဒေသခံ (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"တစ်လနီးပါးအတွင်းက သေတဲ့သူအတော်များများက လက်နက်ကြီးကြောင့် ဖြစ်တာ။ သေတဲ့အထဲမှာ ကလေးတွေ အမျိုးသမီးတွေလည်း ပါတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ခုက ပြောသည်။

လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မသကျေးရွာမှ နေအိမ်အလုံး (၃၅၀) ကျော်၊ အံကစင်ကျေးရွာမှ နေအိမ် (၁၀) လုံးနှင့် ကော့မိတ်ကျေးရွာမှ နေအိမ် (၂) လုံး မီးလောင်ပျက်စီးခဲ့သည်။

**"ဓမ္မသက ဘုန်းကြီးကျောင်း (၁) ကျောင်းလည်း မီးလောင်ပျက်စီးသွားတယ်။ အခု စစ်တပ်က ရွာဘုန်းကြီးကျောင်းတွေမှာ တပ်စွဲထားတယ်"** ဟု ကျိုက်မရောမြို့နယ်မှ ပြည်သူတစ်ဦးက ပြောသည်။

ကော့ဘိန်းကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က ဒေသခံပြည်သူ (၁၀) ဦးကို ဖမ်းဆီးထားကြောင်းလည်း သိရသည်။

စစ်ကောင်စီ၏ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနှင့် အကြမ်းဖက်မှုတို့ကြောင့် ကျိုက်မရောမြို့နယ်နှင့် ကော့ရိတ်မြို့နယ်မှ ဒေသခံပြည်သူ သောင်းချီ စစ်ဘေးရှောင်နေရပြီး ယနေ့အထိ နေရပ်မပြန်နိုင်သေးချေ။

# လက်ကျန်လက်နက်ကြီးပေါက်ကွဲမှုကြောင့် ကော့ကရိတ် ဒေသခံတစ်ဦး သေဆုံး



**မေ ၁၇၊ ၂၀၂၄**

၂၀၂၄ မေလ (၁၄) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်တွင် တိုက်ပွဲလက်ကျန်လက်နက်ကြီး ပေါက်ကွဲမှုကြောင့် ဒေသခံအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အသက် (၅၀) အရွယ် ဦးထွန်းထွန်းအေးသည် စစ်ရှောင်နေရာမှ နေရပ်သို့ပြန်လာပြီး ခြံဝင်းအတွင်း ပေါက်တူးဖြင့် ခြုံနွယ်များရှင်းလင်းနေစဉ် လက်ကျန်လက်နက်ကြီးကျည်ကို မတော်တဆဖောက်ခွဲမိခဲ့ခြင်း ဖြစ်သည်။

**“သူ အိမ်ပြန်လာတာ မကြာသေးဘူး။ ခြံထဲမှာ ခြုံတွေရှင်းနေချိန်မှာ မပေါက်သေးတဲ့လက်နက်ကြီးကို ပေါက်တူးနဲ့ပေါက်မိတာ ထင်တယ်။ ပွဲချင်းပြီးပဲ ဆုံးသွားတယ်”** ဟု ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။

ပေါက်ကွဲမှုကြောင့် ဦးထွန်းထွန်းအေးသည် ခြေထောက်၊ ရင်ဘတ်နှင့် လက်များတွင် မိုင်းစထိမှန်ဒဏ်ရာရခဲ့ပြီး အခင်းဖြစ်ရာနေရာတွင်ပင် သေဆုံးခဲ့ခြင်း ဖြစ်သည်။


၂၀၂၄ ဧပြီလတွင် ကော့ကရိတ်မြို့ကို စစ်တပ်က ပြန်လည်ထိန်းချုပ်ပြီးနောက် ဒေသခံအချို့ ပြန်လည်နေထိုင်ခြင်းနှင့် ခြံဝင်းများကို သန့်ရှင်းရေးလုပ်ခြင်းများ ပြန်လည်ပြုလုပ်နေကြသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ၂၀၂၄ ဧပြီလပထမအပတ်တွင်ထုတ်ပြန်သည့် အစီရင်ခံစာအရ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့်စစ်လက်နက်ပစ္စည်းကြောင့် လူပေါင်း (၁,၀၅၂) ဦး ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

“

**“သူ အိမ်ပြန်လာတာ မကြာသေးဘူး။ ခြံထဲမှာ ခြုံတွေရှင်းနေချိန်မှာ မပေါက်သေးတဲ့လက်နက်ကြီးကို ပေါက်တူးနဲ့ပေါက်မိတာ ထင်တယ်။ ပွဲချင်းပြီးပဲ ဆုံးသွားတယ်”**

# တိုက်ပွဲဖြစ်ပွားလာနိုင်သည့်အလားအလာကြောင့် ရေးမြို့နယ်မှ ကျောင်းသားကျောင်းသူအများစု အခြားမြို့များသို့ ပြောင်းရွှေ့




မေ ၅၊ ၂၀၂၄

မွန်ပြည်နယ် ရေးမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားလာနိုင်သည့် အလားအလာများ ရှိနေခြင်းကြောင့် အဆိုပါမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများသည် လာမည့်ပညာသင်နှစ်တွင် ပညာသင်ကြား ရန်အတွက် အခြားမြို့များသို့ ပြောင်းရွှေ့သွားကြပြီဖြစ်ကြောင်း ရေးမြို့နယ်တောင်ပိုင်း ကျေးရွာတစ်ရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**“ကျောင်းဖွင့်တော့မှာဆိုပေမဲ့ တိုက်ပွဲတွေ လျော့ကျသွားမယ့် အရိပ်အယောင် မရှိဘူး။ တတ်နိုင်တဲ့မိဘတွေ အဆက်အသွယ် ရှိတဲ့မိဘတွေကတော့ သူတို့သားသမီးတွေကို တခြားမြို့မှာ ကျောင်းထားဖို့ ပို့လိုက်ကြပြီ။ မော်လမြိုင်နဲ့ မုဒုံဘက်ကို ပို့တာ များတယ်”** ဟု မော့ကနင်ကျေးရွာမှ မိဘတစ်ဦးက ပြောသည်။

ရေးမြို့နယ်တောင်ပိုင်းတွင် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင် တိုက်ဖျက်ရေး) အပါအဝင် တော်လှန်ရေးအင်အားစုများ ဝင်ရောက်လှုပ်ရှားမှု ပိုမိုများပြားလာပြီး စစ်ကောင်စီ၏ တပ်စခန်း များကို မကြာခဏတိုက်ခိုက်လေ့ရှိသည်။

**“တော်လှန်ရေးမှာ မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက် ရေး) ပါဝင်လာကတည်းက တိုက်ပွဲတွေ ပိုဖြစ်လာမယ်လို့ ဒေသခံ ပြည်သူတွေက တွက်ထားတယ်။ ဒါကြောင့် သူတို့သားသမီး တွေ ပညာအေးအေးဆေးဆေးသင်ရအောင် တစ်ခြားမြို့တွေကို ပို့လိုက်တယ်”** ဟု မိဘတစ်ဦးက ပြောသည်။

ရေးမြို့နယ်တောင်ပိုင်းတွင် အစိုးရသင်ကျောင်းအပြင် မွန်အမျိုးသား အထက်တန်းကျောင်းလည်း တည်ရှိနေပြီး အထက်တန်းကျောင်း သား အများစုသည် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေ ညီသာဒေသ ရှိ မွန်အမျိုးသားအထက်တန်းကျောင်းနှင့် အခြားမြို့များရှိ ကိုယ်ပိုင် အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့သွားကြခြင်း ဖြစ်သည်။

“

“တော်လှန်ရေးမှာ မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင် တိုက်ဖျက်ရေး) ပါဝင်လာကတည်းက တိုက်ပွဲတွေ ပိုဖြစ်လာမယ်လို့ ဒေသခံပြည်သူတွေက တွက်ထားတယ်။ ဒါကြောင့် သူတို့သားသမီးတွေ ပညာအေးအေးဆေးဆေး သင်ရအောင် တစ်ခြားမြို့တွေကို ပို့လိုက်တယ်”

# စစ်သင်တန်းအပတ်စဉ် (၂) အတွက် မော်လမြိုင်တွင် လူငယ်များကို ဖမ်းဆီးနေ



မေ ၁၊ ၂၀၂၄

စစ်မှုမထမ်းမနေရ အပတ်စဉ် (၂) စစ်သင်တန်းအတွက် သင်တန်းသားများ ရရှိရန် စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက မွန်ပြည်နယ် မော်လမြိုင်မြို့ လမ်းဆုံလမ်းခွများတွင် လူငယ်များကို ရပ်တန့်စစ်ဆေးပြီး **“စစ်မှုထမ်းစာရင်းတွင်ပါဝင်သည်”** ဟု မတရားစွပ်စွဲပြောဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**“ဖမ်းနေတာတော့ ကြားတယ်။ ဘယ်သူဘယ်ဝါတွေ ပါသွားတယ်တော့ သေချာမသိဘူး။ ဖမ်းပြီးရင် မွန်ယဉ်ကျေးမှုပြတိုက်မှာရှိတဲ့ စစ်သားလေ့ကျင့်ရေးစခန်းကို ပို့လိုက်တယ်”** ဟု မော်လမြိုင်မြို့ခံ တစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူများကို မိဘများက ငွေကြေးဖြင့် လာရောက်ရွေးယူနေရပြီး ငွေမပေးနိုင်သူများကို စစ်သားအဖြစ် မတရားစုဆောင်းနေသည်။

**“ဖမ်းထားတဲ့သူတွေက အကုန်လုံးငယ်ငယ်လေးတွေပဲ။ လူငယ်တွေဆိုတော့ (ညဘက်)အပြင်ထွက်ကြတာပေါ့။ သူတို့တောင်းတဲ့ပိုက်ဆံနဲ့ မရွေးနိုင်ဘူးဆိုရင် စစ်သင်တန်းထဲ ပါသွားတယ်”** ဟု ၎င်းက ဆက်ပြောသည်။

မွန်ပြည်နယ်တွင် စစ်သင်တန်း အပတ်စဉ် (၁) ကို သံဖြူဇရပ်မြို့နယ် အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်နေပြီး မုဒုံ၊ ချောင်းဆုံ၊ ပေါင်နှင့် သံဖြူဇရပ်မြို့နယ်များမှ လူငယ် (၂၀၀) ကျော်ကို အတင်းအဓမ္မစစ်သင်တန်းပေးနေသည်။

**“အခု လေ့ကျင့်ရေးကျောင်းအဆောက်အဦးတစ်ခုလုံးကို လျှပ်စစ်စနစ်နဲ့ လုံခြုံရေးချထားတယ်။ ထွက်ပြေးမှာ စိုးရိမ်လို့ဖြစ်မယ်”** ဟု သံဖြူဇရပ်မြို့နယ်မှ သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

“

“ဖမ်းထားတဲ့သူတွေက အကုန်လုံးငယ်ငယ်လေးတွေပဲ။ လူငယ်တွေဆိုတော့ (ညဘက်)အပြင်ထွက်ကြတာပေါ့။ သူတို့တောင်းတဲ့ပိုက်ဆံနဲ့ မရွေးနိုင်ဘူးဆိုရင် စစ်သင်တန်းထဲ ပါသွားတယ်”

# မုတ္တမတွင် လူငယ် (၂) ဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးငွေညှစ်




**မေ ၈၊ ၂၀၂၄**

၂၀၂၄ မေလ (၆) ရက်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ်မှ မုတ္တမမြို့ ကွဲခြံကျေးရွာမှ ဒေသခံလူငယ် (၂) ဦးကို စစ်ကောင်စီ၏ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီး ခြိမ်းခြောက်ငွေတောင်းလျက်ရှိကြောင်း သိရသည်။

အသက် (၁၆) နှစ်အရွယ်ရှိ မောင်ချစ်လင်းဇော်နှင့် မောင်ချစ်လင်းအောင်တို့သည် မုတ္တမမြို့မှ ကွဲခြံကျေးရွာသို့ ဆိုင်ကယ်ဖြင့်ထွက်ခွာလာစဉ် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့သည်။

**“ယောက်ျားလေး (၂) ဆိုင်ကယ်အတူစီးလို့ ဖမ်းတယ်လို့ ပြောတယ်။ (၁၀) သိန်းတောင်းတာ မပေးရင် အမှုဖွင့်မယ်တဲ့။ မိသားစုက အရမ်းတောင်းပန်လို့ (၂) သိန်းလောက်နဲ့ အဆင်ပြေသွားတယ်”** ဟု အဆိုပါမိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

လူငယ် (၂) ဦးကို မုတ္တမနယ်မြေရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားရာ မိသားစုဝင်များက တစ်ဦးလျှင် ကျပ် (၁) သိန်းနှုန်းဖြင့် ပြန်လည်ရွေးယူခဲ့ရသည်။

လွတ်လပ်သည့်သတင်းမီဒီယာများ၏ ဖော်ပြချက်အရ မွန်ပြည်နယ်တွင် ၂၀၂၄ ဧပြီလအတွင်း လူငယ်အယောက် (၅၀) ထက်မနည်း ဖမ်းဆီးခံခဲ့ရပြီး အများစုမှာ ငွေကြေးပေးဆောင်ပြီးမှသာ ပြန်လည်လွတ်မြောက်လာကြကြောင်း သိရသည်။

“

“ယောက်ျားလေး (၂) ဆိုင်ကယ်အတူစီးလို့ ဖမ်းတယ်လို့ ပြောတယ်။ (၁၀) သိန်းတောင်းတာ မပေးရင် အမှုဖွင့်မယ်တဲ့။ မိသားစုက အရမ်းတောင်းပန်လို့ (၂) သိန်းလောက်နဲ့ အဆင်ပြေသွားတယ်”

# ဘုရားသုံးဆူတွင် လက်နက်ကိုင်အဖွဲ့တစ်ခုက ဆေးမှူးတစ်ဦးကို ပစ်သတ်ပြီး နေအိမ်ကို မီးရှို့ဖျက်ဆီး



**မေ ၁၃၊ ၂၀၂၄**

၂၀၂၄ မေလ (၉) ရက်နေ့တွင် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ အမည်မသိလက်နက်ကိုင်အဖွဲ့တစ်ခုက သက်ကြီးပိုင်းဆေးမှူး တစ်ဦးကို ပစ်သတ်ပြီး ၎င်း၏နေအိမ်ကိုပါ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘုရားသုံးဆူမြို့ အမှတ် (၃) ရပ်ကွက်တွင်နေထိုင်သည့် အသက် (၆၀) အရွယ် ဆေးမှူး၏နေအိမ်သို့ လက်နက်ကိုင်အဖွဲ့ဝင် (၆) ဦးက ညပိုင်းအချိန်တွင် ဆိုင်ကယ် (၂) စီးဖြင့် ရောက်ရှိလာပြီး ၎င်းကို နေအိမ်တွင်ပင် ပစ်သတ်ကာ အိမ်ကိုလည်း မီးရှို့ခဲ့သည်။

**“ည (၁၀) နာရီလောက်မှာ သူ့အိမ်ကိုဝင်လာတဲ့ ဆိုင်ကယ်သံကြား ရတယ်။ နောက်တော့ သေနတ်သံကြားရတယ်။ မနက်မိုးလင်း တော့ တစ်အိမ်လုံး ပြာကျသွားပြီ။ သူက ဘယ်ကပြောင်းလာမှန်း မသိဘူး”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ပစ်သတ်ခံရသူသည် ဘုရားသုံးဆူမြို့သို့ ပြောင်းရွှေ့လာသည်မှာ မကြာသေးကြောင်း၊ မည်သည့်လက်နက်ကိုင်အဖွဲ့က ပစ်သတ်ခဲ့ သည်ကို ယနေ့အချိန်အထိ မသိရှိရသေးကြောင်း သိရသည်။

**“ဘုရားသုံးဆူမြို့ပေါ်မှာ လက်ရှိက KNU PDF DKBA တို့ အများ ဆုံးလှုပ်ရှားနေတာပါ။ စစ်တပ်က သိပ်ပြီး အပြင်မထွက်ရဲဘူး။ ခုက အလောင်းကိုရော အိမ်ကိုပါ မီးရှို့လိုက်တာ”** ဟု အခြားမြို့ခံ တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလတွင်လည်း ဘုရားသုံးဆူမြို့ အမှတ် (၃) ရပ်ကွက်မှ အမျိုးသားတစ်ဦးကို အမည်မသိလက်နက်ကိုင်အဖွဲ့က ပစ်သတ်ပြီး အလောင်းကို ရာဘာခြံတွင် မြှုပ်နှံခဲ့ကြောင်း ဒေသခံ များက ပြောသည်။

“

**“ဘုရားသုံးဆူမြို့ပေါ်မှာ လက်ရှိက KNU PDF DKBA တို့ အများဆုံးလှုပ်ရှားနေတာပါ။ စစ်တပ်က သိပ်ပြီး အပြင်မထွက်ရဲဘူး။ ခုက အလောင်းကိုရော အိမ်ကိုပါ မီးရှို့လိုက်တာ”**

# မော်လမြိုင်မှ ပုဂ္ဂလိကဆေးရုံတစ်ခုကို စစ်ကောင်စီက (၃) လ ပိတ်



**မေ ၆၊ ၂၀၂၄**

၂၀၂၄ မေလ (၁) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ အေးသန္တာအထူးကုဆေးရုံကို စစ်ကောင်စီက ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီး CDM ပြုလုပ်ထားသည့် သူနာပြုများကို ခန့်အပ်ထားသည်ဟု စွပ်စွဲကာ ဆေးရုံကို (၃) လ ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**“မေလ (၁) ရက်နေ့မှာ ပိတ်တာ။ အဲနေ့မှာပဲ လူနာတွေကို ချက်ချင်းဆင်းခိုင်းပြီး ပိတ်လိုက်တာ။ နေပြည်တော်အမိန့်ဆိုပြီး ပိတ်လိုက်တာ။ လူနာတွေကတော့ အခက်အခဲဖြစ်သွားတာပေါ့”** ဟု ဆေးရုံနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ပုဂ္ဂလိကဆေးရုံတစ်ခုကို ပိတ်ပင်ခြင်းသည် မွန်ပြည်နယ်တွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**“CDM ဝန်ထမ်းတွေ ခန့်ရင် အပိတ်ခံရမယ်ပေါ့။ ခြိမ်းခြောက်တာလို့ပဲ မြင်တယ်”** ဟု CDM သူနာပြုတစ်ဦးက မှတ်ချက်ပြုသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မေလ (၁) ရက်နေ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဆေးရုံနှင့် ဆေးခန်း (၁၁) ခု ပိတ်သိမ်းခံထားရကြောင်း သိရသည်။

“CDM ဝန်ထမ်းတွေ ခန့်ရင် အပိတ်ခံရမယ်ပေါ့။ ခြိမ်းခြောက်တာလို့ပဲ မြင်တယ်”

# စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်နေသဖြင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရ



**မေ ၉၊ ၂၀၂၄**

၂၀၂၄ မေလ (၈) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်နေသဖြင့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

အနင်းကျေးရွာရဲစခန်းရှိ စစ်ကောင်စီတပ်ကို တော်လှန်ရေးအင်အားစုများက ဝင်ရောက်တိုက်ခိုက်ပြီးနောက်ပိုင်း နှစ်ကရင်ကျေးရွာအုပ်စု ဝယ်ဖယ်ကျေးရွာအခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်က အနင်းကျေးရွာကို ၁၂၀မမ လက်နက်ကြီး (၈) ထက်မနည်း ပစ်ခတ်ခဲ့သည်။

**“လူနေအိမ်တွေ ဘယ်လောက်ထိခိုက်သွားလဲ မသိသေးဘူး။ လူတွေကတော့ နီးစပ်ရာတောတောင်၊ ဥယျာဉ်ခြံတွေမှာ တိမ်းရှောင်နေရတယ်။ ဘယ်နှဦးထိလဲဆိုတာ အတိအကျ မသိရသေးဘူး”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များသည် အနင်းနှင့် ဝဲဝန်းကျေးရွာအနီးတဝိုက်ရှိ ကရင်ကျေးရွာများတွင် တပ်စွဲထားပြီး သွားလာလှုပ်ရှားနေကြသဖြင့် တိုက်ပွဲဖြစ်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေသည်။

**“ပြီးခဲ့တဲ့လတုန်းက တိုက်ပွဲဖြစ်ပီးတော့ ကရုပ္ပိကျေးရွာဘက်ကို စစ်သင်္ဘောတစ်စီး ရောက်လာတယ်။ ဓမ္မသတ်ရွာလိုမျိုးဖြစ်မှာကို စိုးရိမ်တယ်”** ဟု သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် ဖမ်းဆီးမှု အရေအတွက်

ဇန်နဝါရီလ မှ မေလအထိ ၂၀၂၄

မွန်ပြည်နယ် - ၂ ဦး


ကရင်ပြည်နယ် - ၁ ဦး

တနင်္သာရီတိုင်းဒေသ-၃ ဦး




## မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၅) လအတွင်း ဖမ်းဆီးမှု အရေအတွက်

မတရားချုပ်နှောင်မှု နှင့် ဖမ်းဆီးမှု - (၆၄၈) ဦး



# ငါးဖမ်းလှေများကို လက်နက်ကြီးပစ် ခြိမ်းခြောက်ပစ်ခတ်နေသဖြင့် ရေလုပ်သားများအခက်တွေ့



မေ ၂၄၊ ၂၀၂၄

၂၀၂၄ မေလ (၃) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းရှိ စစ်ကောင်စီရေတပ်စခန်း တိုက်ခိုက်ခံရပြီး နောက်ပိုင်း ညဘက်စက်လှေခုတ်မောင်းသွားလာခွင့်ကို ပိတ်ပင်ထားသည့်အပြင် ငါးဖမ်းလှေများကိုလည်း လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည်။

**"ညဘက် လှေတွေသွားနေတာ တွေ့ရင် လက်နက်ကြီးနဲ့ လှမ်းပစ်တယ်။ ညတိုင်းပဲ ပစ်နေတယ်။ ခုနောက်ပိုင်း လှေတွေမထွက်ရဲတော့ဘူး။ လှေမထွက်တော့ ရောင်းစရာငါးလည်း မရှိဘူးပေါ့။ ဒီမှာက ရေလုပ်ငန်းပဲ အဓိကလုပ်နေတာဆိုတော့ ပင်လယ်မထွက်ရတော့ အခက်အခဲဖြစ်တာပေါ့"** ဟု ကူးတို့ဆိပ်ကျေးရွာမှ ငါးရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

၎င်းပြင် ပင်လယ်ပြင်တွင် သွားလာနေသည့် ငါးဖမ်းလှေနှင့် ခရီးသည်တင်လှေများကို စစ်ကောင်စီရေတပ်စခန်းက စစ်ဆေးလျက်ရှိပြီး ငါးဖမ်းလုပ်သားများနှင့် ခရီးသည်များအနေဖြင့် မှတ်ပုံတင်ပြသကာ စစ်ဆေးခံနေရကြောင်း ဒေသခံများက ပြောသည်။

**"ကူးဆို့ဆိပ်ကနေ ကုလားဂုတ်ကိုသွားရင် အဝင်ရော အထွက်ပါ မှတ်ပုံတင်ပြရတာ အလုပ်တစ်ခု ဖြစ်နေတယ်။ အစစ်အဆေး တင်းကြပ်တော့ တချို့လှေတွ ငါးဖမ်းမထွက်တော့ဘူး"** ဟု ရေလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်တွင် စစ်အုပ်ချုပ်ရေး ကြေညာထားသည့်အပြင် ညမထွက်ရအမိန့်ကိုပါ ပြဋ္ဌာန်းထားပြီး ဧည့်သည်နှင့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံတွင် ဧည့်စာရင်း မဖြစ်မနေတိုင်းကြားနေရကြောင်းလည်း သိရသည်။

> "ကူးဆို့ဆိပ်ကနေ ကုလားဂုတ်ကိုသွားရင် အဝင်ရော အထွက်ပါ မှတ်ပုံတင်ပြရတာ အလုပ်တစ်ခု ဖြစ်နေတယ်။ အစစ်အဆေး တင်းကြပ်တော့ တချို့လှေတွ ငါးဖမ်းမထွက်တော့ဘူး"

# ဖမ်းဆီးထားသည့် CDM ဝန်ထမ်း (၂) ဦးကို ထောင်ဒဏ် (၄) နှစ် ချမှတ်




**မေ ၁၀၊ ၂၀၂၄**

၂၀၂၄ မေလ (၇) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကံပေါက်ဒေသမှ အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း CDM ပြုလုပ်ထားသည့် ပညာရေးဝန်ထမ်း ကျောင်းဆရာမ (၂) ဦး ကို စစ်ကောင်စီက ထောင်ဒဏ် (၄) နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

ကံပေါက်မြို့ မဂ္ဂင်ရပ်ကွက်မှ ကျောင်းဆရာမဒေါ်ယဉ်ယဉ်အေး နှင့် မိကျောင်းအိုင်ရပ်ကွက်မှ ဆရာမဒေါ်သက်သက်မော် အပါအဝင် ပညာရေးဝန်ထမ်း (၄) ဦးကို ၂၀၂၄ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ၎င်းတို့၏နေအိမ်၌ စစ်ကောင်စီက လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ဆရာမ (၂) ဦးကို မောရဝတီရေတပ်စခန်းဌာနချုပ်တွင် (၁) လ ကျော်ကြာ ထိန်းသိမ်းထားပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် တရားစွဲဆိုခဲ့သည်။

**“(၇) ရက်နေ့တုန်းက ရေဖြူတရားရုံးက အမိန့်ချလိုက်တာ။ ကျန်တဲ့ဆရာမ (၂) ယောက်ကို မတ်လမှာ ထားဝယ်အကျဉ်းထောင်ကို ပို့ထားတယ်။ အမှုစစ်နေတုန်းပဲလို့ မိသားစုဝင်တွေက ပြောတယ်”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

အမိန့်ချပြီးနောက် ဆရာမ (၂) ဦးကို မေလ (၈) ရက်နေ့တွင် ရေဖြူအချုပ်ထောင်မှ ထားဝယ်အကျဉ်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။

ကံပေါက်ဒေသတွင် ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ဒေသခံပြည်သူအယောက် (၂၀) ကျော် ဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့အနက် (၁၁) ယောက်မှာ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးကြောင်း သိရသည်။

“(၇) ရက်နေ့တုန်းက ရေဖြူတရားရုံးက အမိန့်ချလိုက်တာ။ ကျန်တဲ့ဆရာမ (၂) ယောက်ကို မတ်လမှာ ထားဝယ်အကျဉ်းထောင်ကို ပို့ထားတယ်။ အမှုစစ်နေတုန်းပဲလို့ မိသားစုဝင်တွေက ပြောတယ်”

# မွန်ပြည်နယ်တွင် လျှပ်စစ်မီးပြတ်တောက်မှု ပိုမိုများပြားလာပြီး ရေရှားပါးမှုပြဿနာ ကြုံတွေ့နေရ



မေ ၈၊ ၂၀၂၄

၂၀၂၄ မတ်လမှစ၍ မွန်ပြည်နယ်တွင် လျှပ်စစ်မီးပြတ်တောက်မှု ပိုမိုများပြားလာပြီး မြို့နယ်အသီးသီးရှိ ကျေးရွာများတွင် ရေရှားပါးမှုပြဿနာ ကြုံတွေ့နေရကြောင်း ဒေသခံများက မွန်လူထုအသံကို ပြောသည်။

၂၀၂၃ ခုနှစ်တွင် မွန်ပြည်နယ်၌ တစ်ရက်လျှင် လျှပ်စစ်မီး (၆) နာရီ ပေးမည်ဟု စစ်ကောင်စီက ပြောကြားထားသော်လည်း လက်ရှိတွင် တစ်ရက်လျှင် (၂) နာရီသာ လျှပ်စစ်မီးရရှိနေသည်။

**"ညကြီးအချိန်မတော် (၁၀) နာရီလာရင် (၁၂) နာရီ ပျက်ပြီ။ ပူလည်း ပူ၊ မီးကာသာ (၂) နာရီနှုန်းနဲ့ လာတာ မီတာခက လုံးဝ လျော့မသွားဘူး။ ပိုတောင် များလာသေးတယ်"** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

၎င်းပြင် ပြီးခဲ့သည့်ဧပြီလ (၂၁) ရက်နေ့တွင် မွန်ပြည်နယ် အပါအဝင် ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းများတွင် လျှပ်စစ်မီး ပုံမှန်ထက်ပိုမိုပြတ်တောက်မည်ဖြစ်ကြောင်း စစ်ကောင်စီ၏ လျှပ်စစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**"ကျွန်တော်တို့ဘက်မှာ ဆီဈေးကလည်း တက်ဆိုတော့ အသေးစားလုပ်ငန်းတွေ ရပ်လိုက်ရတယ်"** ဟု သံဖြူဇရပ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ဧပြီလနောက်ဆုံးအပတ်မှစ၍ မော်လမြိုင်၊ ချောင်းဆုံ၊ ပေါင်၊ ကျိုက်မရောနှင့် ဘီးလင်းမြို့နယ်များတွင် ရေရှားပါးမှုပြဿနာကို အကြီးအကျယ်ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

**"မတ်လကတည်းက ရေရှားလာတယ်။ သင်္ကြန်ပြီးတော့ အပူချိန်ကလည်း မြင့်လာတယ်။ ဒီနှစ်တော့ ပြည်သူတွေ အလူးအလဲခံစားနေရတယ်"** ဟု ကျိုက်မရောမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

အာဏာမသိမ်းခင်ကာလက သက်ဆိုင်ရာလူမှုကယ်ဆယ်ရေးအဖွဲ့များက ရေလှူဒါန်းမှုများ ပြုလုပ်လေ့ရှိသော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် စက်သုံးဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့် စစ်ကောင်စီ၏တင်းကြပ်ခြင်းတို့ကြောင့် ရေလှူဒါန်းသည့်အဖွဲ့များ မရှိသလောက်နည်းပါးလာကြောင်း သိရသည်။

# ကျုံ့အိတ်တံတား ပျက်စီးသွားမှုကြောင့် ခရီးသွားပြည်သူ ထောင်နှင့်ချီ ပိတ်မိနေ




**မေ ၁၅၊ ၂၀၂၄**

၂၀၂၄ မေလ (၁၁) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအနီးရှိ ကျုံ့အိတ်တံတားကို ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းအဖွဲ့တို့က မိုင်းခွဲဖျက်ဆီးခဲ့သည်။ တံတားပျက်စီးသွားမှုကြောင့် ထောင်နှင့်ချီသော ခရီးသွားပြည်သူများသည် မေလ (၁၅) ရက်နေ့အထိ ဆက်လက်ပိတ်မိနေကြောင်း လူမှုကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။

လက်ရှိတွင် ကုန်တင်ကား၊ ခရီးသည်တင်ယာဉ်များနှင့် အိမ်စီးကားများသည် ရွှေရောင်ပြနှင့် မိုးကောင်းကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်းကို အသုံးပြုနေကြပြီး လမ်းကျဉ်းသဖြင့် ကားအစီးရေ ရာနှင့်ချီပိတ်မိနေသည်။

**“လမ်းကျဉ်းတော့ ကားတွေအားလုံး ပိတ်မိသွားတယ်။ ဘယ်ကားမှ ထွက်လို့မရတော့ဘူး။ ကားအစီးရေ (၅၀၀) ကျော် ရှိမယ်။ ဒီလမ်းမှာ ဘာဆိုင်မှ မရှိတော့ အားလုံးဒုက္ခရောက်ကုန်တယ်။ မိနစ် (၂၀) လောက်ပဲမောင်းရတဲ့ ခရီးက (၂) ရက်လောက် ကြာသွားတယ်”** ဟု လူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်၊ ကရင်နှင့် တနင်္သာရီဒေသများမှ ပြည်သူများက ကုန်စည်ပို့ဆောင်ရေးအတွက် ကျုံ့အိတ်တံတားတည်ရှိသည့် မော်လမြိုင် - ရန်ကုန်ကားလမ်းကို အဓိကအသုံးပြုနေကြသည်။

**“ကျွန်တော်တို့ ပိတ်မိနေတာ (၁) ရက်ကျော်သွားပြီ။ ဒီမှာက ရေလည်း မရှိဘူး၊ ဘာစားစရာမှလည်း မရှိဘူး။ ခရီးသွားပြည်သူအချင်းချင်းပဲ အပြန်အလှန် ကူညီနေရတယ်။ ပြီးတော့ လက်နက်ကြီးကလည်း တောက်လျှောက်ပစ်နေတော့ အားလုံး စိုးရိမ်နေကြတယ်”** ဟု ပိတ်မိနေသူပြည်သူတစ်ဦးက ပြောသည်။

မေလ (၁၂) ရက်နေ့တွင် ခရီးသွားပြည်သူများ ပိတ်မိနေသည့် ရွှေရောင်ပြနှင့် မိုးကောင်းကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ခရီးသည်အမျိုးသား (၂) ဦး သေဆုံးပြီး ကား (၁) စီး ထိမှန်ပျက်စီးခဲ့သည်။

# ပြန်လည်ထူထောင်ရေးအတွက် ကူညီမည်ဟု စစ်ကောင်စီက ပြောသော်လည်း လက်တွေ့တွင် မည်သည့်အထောက်အပံ့မျှ မရ



**မေ ၁၆၊ ၂၀၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်၊ သံကလောင်၊ ကွဲကုန်းနှင့် တရနာကျေးရွာများမှ စစ်ရှောင်ပြည်သူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ရန် နေရပ်သို့ပြန်လာနိုင်ပြီဖြစ်ကြောင်း စစ်ကောင်စီက ၂၀၂၄ ဧပြီ (၂၄) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းပြင် နေအိမ် (၃၀၀) ကျော် မီးလောင်ပျက်စီးခဲ့သည့် ဓမ္မသတ်ကျေးရွာအတွက် နေအိမ် (၁) လုံးလျှင် ငွေကျပ် (၁၁) သိန်းခန့် ထောက်ပံ့မည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ပြောဆိုခဲ့သည်။ သို့သော် လက်ရှိအချိန်အထိ မွန်ပြည်သူလူထုမှတစ်ပါး အခြားမည်သည့်အဖွဲ့အစည်းကမှ လာရောက်ထောက်ပံ့ကူညီခြင်း မရှိကြောင်း ဓမ္မသတ်ရွာသားတစ်ဦးက ပြောသည်။

**“မီးလောင်သွားတဲ့အိမ်တွေအတွက် တစ်အိမ်ကို (၁၁) သိန်း ပေးမယ်လို့ ကြားတယ်။ နောက်ပြီး အခြားပစ္စည်းတွေလည်း ထောက်ပံ့ပေးမယ်တဲ့။ (ဒါပေမဲ့) အခုအချိန်အထိ ကျွန်တော်တို့ဆီကို ဘာမှရောက်မလာသေးပါဘူး”** ဟု ဓမ္မသတ်ရွာသားက ပြောသည်။


လက်ရှိအချိန်တွင် စစ်ကောင်စီတပ်သားများက ဇွန်လ (၁) ရက်တွင် အစိုးရကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်သာ အထူးလုံးပမ်းကြိုးစားနေကြောင်း သိရသည်။

**“ဒီနယ်တစ်ဝိုက်က ကျောင်းသားအများစုက တရနာကျေးရွာမှာ ကျောင်းလာတက်ရတယ်။ ကျောင်းဖွင့်လိုက်ရင် စစ်ဘေးရှောင်တွေက ပြန်လာမယ်ထင်လို့ အဲလိုသဘောမျိုးနဲ့ လုပ်နေတာ”** ဟု တရနာဒေသခံတစ်ဦးက ပြောသည်။

စစ်ဘေးရှောင်များ ပြန်လာရန်အတွက် စစ်ကောင်စီဘက်က ထိုသို့စည်းရုံးပြောဆိုနေသော်လည်း မြေပြင်အခြေအနေတွင် စစ်ကောင်စီတပ်များက တပ်စွဲထားခြင်း၊ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေခြင်း၊ အရပ်သားများကို ဖမ်းဆီးသတ်ဖြတ်နေခြင်းတို့ကြောင့် စစ်ဘေးရှောင်ပြည်သူအများစုမှာ နေရပ်မပြန်နိုင်သေးချေ။

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

Mon State Cases - May 2024




## Mawlayine

arrests youth and recruits - မတရားဖမ်းဆီးခြင်း နှင့် ခန့်အပ်ခြင်း

Arrested - မတရားဖမ်းဆီးခြင်း

Suspended by junta - စစ်တပ်က ရပ်ဆိုင်းခံရခြင်း

Arrested - မတရားဖမ်းဆီးခြင်း

## Bilin Township

Artillery Attack and killed- လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း နှင့် သတ်ဖြတ်ခြင်း (၃) ကြိမ်

travelers stranded - ခရီးသွားပြည်သူများ ပိတ်မိခြင်း

Fled home and IDP- နေအိမ်စွန့်ခွာ ထွက်ပြေးရခြင်း

casualty and injury - မတော်တဆ ထိခိုက်ခြင်း နှင့် ဒဏ်အနာတရ ရရှိခြင်း

## Chaung Zone

Junta Pressures - စစ်တပ်က ဖိအားပေးခြင်း

Education issues - ပညာရေး

## Kyike Hto

Artillery Attack and killed - လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း နှင့် သတ်ဖြတ်ခြင်း

Killed and injured - သတ်ဖြတ်ခြင်း နှင့် ဒဏ်ရာအနာတရရရှိခြင်း(၂) ကြိမ်

## Kyikemayaw Township

Killed and burnt down house - သတ်ဖြတ်ခြင်း နှင့် နေအိမ်များ ပျက်စီးခြင်း

Fails to deliver - ပစ္စည်းပို့ဆောင်ရင် ခက်ခဲခြင်း

## Paung Township

Arrested and extort - မတရားဖမ်းဆီးခြင်း နှင့် ငွေကြေးကောက်ခံခြင်း

## Thanbyuzayat

Compulsory Military service - မဖြစ်မနေ စစ်မှုထမ်းရခြင်း

Artillery attacks- လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း

electricity and water shortage- လျှပ်စစ်မီး နှင့် ရေ ပြတ်လပ်မှု ပြဿနာ

## Thaton Township

Injured - ဒဏ်အနာတရ ရရှိခြင်း

Artillery attack and injured - လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း နှင့် ဒဏ်အနာတရ ရရှိခြင်း

## Ye Towship


Gasoline shortages and high prices - ဓာတ်ဆီ ပြတ်လပ်မှု နှင့် ကုန်ဈေးနှုန်း မြင့်တက်ခြင်း

## Mudon Township

project area ordered to move- စီမံကိန်းဧရိယာ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းစေခြင်း

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

Karen State Cases - May 2024




## Karen State

### Kaw Ka Rate township

1.Killed - သတ်ဖြတ်ခြင်း (၂) ကြိမ်

2.Artillery attack and Killed - လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း နှင့် သတ်ဖြတ်ခြင်း (၂) ကြိမ်

### Kyarinnseikyi Township

1.Fled and IDPs - နေအိမ်စွန့်ခွာ ထွက်ပြေးရခြင်း


### Three Pagoda Pass Town

1.Killed and burnt down house - - တိုက်ခိုက်ခြင်း နှင့် နေအိမ်များ ပျက်စီးခြင်း (၂) ကြိမ်

2.Arrested - မတရားဖမ်းဆီးခြင်း(၂) ကြိမ်

# မွန်ပြည်နယ်,ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

Tanintharyi Division Case - May 2024




## Tanintharyi Division

### Tha Yet Chuang Township

air assault - လေကြောင်းဖြင့် တိုက်ခိုက်ခြင်း

Killed local's civilians - အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခြင်း (၂) ကြိမ်

### Dawei Township

Fled home and IDP - နေအိမ်စွန့်ခွာ ထွက်ပြေးရခြင်း

Injured and destroyed - ဒဏ်အနာတရ ရရှိခြင်း နှင့် ပျက်ဆီးခြင်း

Arrested - မတရားဖမ်းဆီးခြင်း

### Long Lone Township

Extort Money - မတရားငွေကြေးကောက်ခံခြင်း

### Tenasserim Township

Fled and IDPs - နေအိမ်စွန့်ခွာ ထွက်ပြေးရခြင်း

### Yephyu Township

arrested and beaten - မတရားဖမ်းဆီးခြင်း နှင့် ရိုက်နှက်ခြင်း

Attack and injured - တိုက်ခိုက်ခြင်း နှင့် ဒဏ်ရာအနာတရ ရရှိခြင်း

transportation problems - ကုန်သွယ်မှု ပြဿနာ

sentenced - ထောင်ဒဏ်ချမှတ်ခြင်း(၂)ကြိမ်

Extorted money - မတရားငွေကြေးကောက်ခံခြင်း (၂) ကြိမ်

artillery attack and killed - လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း နှင့် သတ်ဖြတ်ခြင်း


Arrested - မတရားဖမ်းဆီးခြင်း (၂) ကြိမ်


Disappearance - အစအနပျောက်ကွယ်ခြင်း

Gate creates problems for locals - ဒေသခံပြည်သူများ နှင့် ဂိတ်ဖြတ်သန်းမှု ပြဿနာ


# ၂၀၂၄ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ(၅) လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်









စစ်ဘေးဒုက္ခသည်= (၅၆၇၀၀) ဦး ၊ ဒဏ်ရာအနာတရ = (၉၃) ဦး ၊ သတ်ဖြတ်မှု = (၃၇) ဦး




စစ်ဘေးဒုက္ခသည်= (၇၅၃၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၉၉) ဦး ၊ သတ်ဖြတ်မှု = (၄၀) ဦး




စစ်ဘေးဒုက္ခသည်= (၆၄၈၅၀) ဦး ၊ ဒဏ်ရာအနာတရ = (၉၈) ဦး ၊ သတ်ဖြတ်မှု = (၄၂) ဦး

# စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ကလေးငယ် (၂) ဦး သေဆုံး



**မေ ၁၆၊ ၂၀၂၄**

၂၀၂၄ မေလ (၁၅) ရက်နေ့တွင် စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ ဆယ်ကျော်သက် ကလေးငယ် (၂) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဇာဒီကျေးရွာအနီးတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ကင်းပုန်းဝပ်နေသည်ဟု အကြောင်းပြကာ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၁၅) နှစ်အရွယ် ဇော်မျိုးအောင်နှင့် အသက် (၁၀) နှစ်အရွယ် မပွင့်ပွင့်တို့ မောင်နှမ (၂) ဦး သေဆုံးခဲ့ရသည်။

**"သူတို့မောင်နှမ (၂) ယောက် ထမင်းစားနေတဲ့အချိန်မှာ အိမ်နောက်ဖေးကို လက်နက်ကြီးကျတာ။ ယောကျ်ားလေးက ခေါင်းပြတ်၊ မိန်းကလေးကတော့ ပေါင်ပြတ်ပြီး ဆုံးသွားကြတယ်။ အိမ်အနောက်ဘက်ပိုင်းလည်း လုံးဝကို ပျက်စီးသွားတယ်"** ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။

လက်နက်ကြီးပစ်ခတ်မှုကို ရေဖြူမြို့နယ်အခြေစိုက် မောရဝတီ ရေတပ်စခန်းဌာနချုပ်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရွာသားများက ပြောသည်။

**"သူတို့မောင်နှမ (၂) ယောက် ထမင်းစားနေတဲ့အချိန်မှာ အိမ်နောက်ဖေးကို လက်နက်ကြီးကျတာ။ ယောကျ်ားလေးက ခေါင်းပြတ်၊ မိန်းကလေးကတော့ ပေါင်ပြတ်ပြီး ဆုံးသွားကြတယ်။ အိမ်အနောက်ဘက်ပိုင်းလည်း လုံးဝကို ပျက်စီးသွားတယ်"**

# မူးယစ်ဆေးသုံးသည်ဟုဆိုကာ လူငယ် (၃) ဦးကို KNU က ဖမ်းဆီးပြီး ငွေတောင်း

**မေ ၁၇၊ ၂၀၂၄**

၂၀၂၄ မေလ (၁၁) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် သာယာမွန်ကျေးရွာမှ လူငယ် (၃) ဦးကို မူးယစ်ဆေးဝါးသုံးသည်ဟုဆိုကာ ကရင်အမျိုးသားအစည်းအရုံး(KNU)က နေအိမ်တွင် လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။



အသက် (၁၆) နှစ်အရွယ် မောင်ဇာလင်း၊ အသက် (၁၁) နှစ်အရွယ် မောင်ဇာနည်ဦးနှင့် အသက် (၂၂) နှစ်အရွယ် ကိုအောင်စောတို့ကို ပြန်လွှတ်ပေးစေလိုပါက တစ်ဦးလျှင် ကျပ် (၁၀) သိန်း ပေးရမည်ဟု မိသားစုဝင်များထံမှ ငွေကြေးတောင်းခံခဲ့သည်။

**"သူတို့သူငယ်ချင်း (၃) ယောက် ရာဘာစေးသွားခြစ်တာကို လမ်းမှာ ရပ်ခိုင်းပြီး စစ်ဆေးတော့ မူးယစ်ဆေး (၃) လုံး တွေ့တယ်လို့ ပြောတယ်။ အဲတုန်းက တစ်ခါတည်း မဖမ်းဘဲနဲ့ မနက်ကျမှ ရပ်မိရပ်ဖတွေကို ခေါ်လာပြီး ဖမ်းသွားတာ"** မိသားစုဝင်တစ်ဦးက ပြောသည်။

မိသားစုဝင်များက ကရင်အမျိုးသားအစည်းအရုံးနှင့် ညှိနှိုင်းပြီး တစ်ဦးလျှင် ငွေကျပ် (၄) သိန်း ပေးဆောင်ခဲ့ပြီးနောက် မေလ (၁၃) ရက်နေ့တွင် (၃) ဦးစလုံး ပြန်လည်လွှတ်မြောက်လာခဲ့သည်။

**"သူတို့ဘက်က မပေးနိုင်တော့ တောင်းပန်ပြီး တစ်ယောက်ကို (၄) သိန်း ပေးလိုက်ရတယ်"** ဟု မိသားစုဝင်တစ်ဦးနှင့်နီးစပ်သူက ပြောသည်။

၂၀၂၄ ဧပြီလ (၂၄) ရက်နေ့တွင်လည်း ရေဖြူမြို့နယ် မရမ်းချောင်ကျေးရွာမှ အသက် (၃၃) နှစ်အရွယ် ကိုချမ်းမွန်ကို မူးယစ်ဆေးရောင်းဝယ်ခြင်း၊ ခားပြတိုက်ခြင်းများ ပြုလုပ်နေသည်ဟု စွပ်စွဲပြီး KNU က ဖမ်းဆီးခဲ့သည်။

ကိုချမ်းမွန်ကို ပြန်လွှတ်ပေးစေလိုပါက ငွေကျပ်သိန်း (၄၀၀) ပေးရမည်ဟု ၎င်း၏မိခင်ဖြစ်သူကို တောင်းခံခဲ့သည်။

**"ကျွန်မတို့က သိန်း (၂၀၀) လောက်ပဲ ပေးနိုင်တယ်ပေါ့နော်။ တောင်းသလောက် မပေးနိုင်ရင် ကိုချမ်းမွန်ကို သတ်ပစ်မယ်လို့ သူတို့က ခြိမ်းခြောက်ထားတာ"** ဟု မိခင်ဖြစ်သူက ပြောသည်။

တောင်းဆိုသည့်ပမာဏကို မပေးနိုင်ခြင်းကြောင့် KNU က ကိုချမ်းမွန်ကို ယနေ့အချိန်အထိ ဖမ်းဆီးထားဆဲဖြစ်ပြီး မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်ကာ သတင်းအစအနပျောက်ဆုံးနေကြောင်း သိရသည်။

# ကလိန်အောင်တွင် ရှင်ကိုးရှင်ဆံတော်ရှင်ဘုရား ဂေါပက အဖွဲ့က စစ်ရှောင်ပြည်သူများထံမှ ငွေကြေးကောက်ခံ




**မေ ၁၃၊ ၂၀၂၄**

၂၀၂၄ မေလ (၁၀) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကလိန်အောင်မြို့ပတ်ဝန်းကျင်တွင် စစ်ကောင်စီတပ်က ရဟတ်ယာဉ်ဖြင့် ပျံဝဲကင်းထောက်နေသဖြင့် ဒေသခံပြည်သူများသည် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည်။

ကလိန်အောင်မြို့ ရှင်ကိုးရှင်ဆံတော်ရှင်ဘုရားဝင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် စစ်ဘေးရှောင်နေသည့် ပြည်သူများထံမှ ဂေါပကအဖွဲ့က အခန်းခဟုဆိုကာ ငွေကြေး (၂၀,၀၀၀) ကျပ် ကောက်ခံနေသည်ဟု ဒေသခံသတင်းရင်းမြစ်က ပြောသည်။

**"နားခိုစရာမရှိလို့ အားကိုးတကြီးနဲ့ လာတာ။ ဒါကို ဂေါပကအဖွဲ့က ဒီအတိုင်းနေလို့ မရဘူး၊ အခန်းခပေးရမယ်ဆိုပြီး တောင်းတာ။ မပေးရင်လည်း နေစရာမရှိတော့ ပေးလိုက်ရတယ်"** ဟု စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

ဘုန်းကြီးကျောင်း၌ ကလိန်အောင်မြို့နယ် ဇင်ဘာကျေးရွာမှ စစ်ဘေးရှောင်ပြည်သူ (၁၀၀) ကျော် ခိုလှုံနေကြောင်း သိရသည်။

**"ကျွန်မတို့ ဇင်ဘာကျေးရွာကို မေလ (၆) ရက်နေ့ကတည်းက စစ်လေယာဉ်နဲ့ ကင်းထောက်နေတာ။ ပိုက်ဆံပေးစရာမရှိလို့ ဘုန်းကြီးကျောင်းကနေ ထွက်သွားရတဲ့သူတွေလည်း ရှိတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ယခုသီတင်းပတ်တွင် စစ်ကောင်စီက တနင်္သာရီတိုင်း သရက်ချောင်း၊ လောင်းလုံးနှင့် တနင်္သာရီမြို့နယ်များကိုလည်း လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်နေပြီး အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုများ ရှိနေသည်။

# သရက်ချောင်းတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် (၂) ဦး သေဆုံးပြီး (၆) ဦးထက်မနည်း ထိခိုက်



**မေ ၁၀၊ ၂၀၂၄**

၂၀၂၄ မေလ (၈) ရက်နေ့တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာမှ ကလေးငယ် (၂) ဦး သေဆုံးခဲ့ကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်ရှိ စစ်ကောင်စီ၏ပဲဒက်စခန်းကို တော်လှန်ရေးအင်အားစုများ တိုက်ခိုက်သိမ်းပိုက်ပြီးနောက် စစ်ကောင်စီက ကနက်သီရိနှင့် ရင်ကျေးရွာများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ကနက်သီရိကျေးရွာရှိ စာသင်ကျောင်းတစ်ကျောင်းပေါ်သို့ လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် အသက် (၁၅) နှစ်အရွယ်ရှိ မောင်ပိုင်စိုးသူနှင့် မောင်ဟိန်းပြည့်ဖြိုးတို့ သေဆုံးခဲ့ပြီး နောက်ထပ် ကလေးငယ် (၆) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“လေယာဉ်သံ မကြားရဘူး။ ဗုံးကြဲတော့မှ ပေါက်ကွဲသံကြားရတယ်။ အခြေအနေငြိမ်တော့မှ ကလေး (၂) ယောက် သေနေတာ သိရတယ်။ စာသင်ကျောင်းလည်း ပျက်စီးသွားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ရင်ကျေးရွာတွင်လည်း လေကြောင်းတိုက်ခိုက်မှုကြောင့် ယာယီပိတ်ထားသည့် ဆေးရုံအဆောက်အဦး (၁) ခုနှင့် စာသင်ကျောင်း (၁) ကျောင်း ပျက်စီးခဲ့ကြောင်း သိရသည်။

**“မေလ (၅) ရက်နေ့မှာ စခန်းအသိမ်းခံရတဲ့အပြင် သူတို့လူတွေလည်း အဖမ်းခံလိုက်ရတာ ရှိတယ်။ အဲဒါကြောင့် ပြည်သူတွေကို ပစ်မှတ်ထားပြီး လေယာဉ်နဲ့ဗုံးကြဲတာ”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် သရက်ချောင်းမြို့နယ်ရှိ ရင်၊ ကွဲမင်းကုန်း၊ ကျောက်ခမောက်နှင့် ကနက်သီရိကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

“လေယာဉ်သံ မကြားရဘူး။ ဗုံးကြဲတော့မှ ပေါက်ကွဲသံကြားရတယ်။ အခြေအနေငြိမ်တော့မှ ကလေး (၂) ယောက် သေနေတာ သိရတယ်။ စာသင်ကျောင်းလည်း ပျက်စီးသွားတယ်”

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လူထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရှိသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
www.rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND